# ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးတွင် ဆွေးနွေးသည့်အဆိုများ

| စဉ် | တင်သွင်းသူအမည်<br>မဲဆန္ဒနယ် | အဆိုအကြောင်းအရာ | အဆိုတင်<br>သည့်နေ့ | ဆုံးဖြတ်<br>သည့်နေ့ | ရှင်းလင်းဖြေကြား<br>သည့်ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ဦးအုန်းတင်<br>ရခိုင်ပြည်နယ်<br>မဲဆန္ဒနယ်အမှတ်(၁၀)<br>ရခိုင်တိုင်းရင်းသားများ<br>တိုးတက်ရေးပါတီ | မြန်မာနိုင်ငံ ကမ်းရိုးတန်းဒေသအတွင်း ကမ်းဝေးငါးဖမ်းသင်္ဘောများအား ကမ်းနီးငါးဖမ်းဇရိယာအတွင်းသို့ ဝင်ရောက်ငါးဖမ်းဆီးခြင်းများအား ကြီးကြပ်တားဆီးပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို။ | ၃၁-၈-၂၀၁၂<br>(စတုတ္ထပုံမှန်)<br>(၃၇)ရက်<br>မြောက်နေ့ | ၂၂-၁၀-၂၀၁၂<br>တတိယနေ့ | ဦးခင်မောင်အေး<br>ဒုတိယဝန်ကြီး<br>မွေးမြူရေးနှင့်<br>ရေလုပ်ငန်းဝန်ကြီး<br>ဌာန | အတည်ပြု<br>(စတုတ္ထပုံမှန်<br>ကျန်အဆို) |
| ၂ | ဦးဆန်းရယ်<br>ကယားပြည်နယ်<br>မဲဆန္ဒနယ်အမှတ်(၅)<br>ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့် ဖွံ့ဖြိုးရေးပါတီ | နိုင်ငံတော်အစိုးရမှ ဝေးလံခက်ခဲ၍ ဝန်ထမ်းလစာ(၂)ဆ ခံစားခွင့်ပြုသင့်သောဒေသ၊ မြို့နယ်များ မကျန်ရှိအောင် ထပ်မံလေ့လာစိစစ်၍ အမှန်တကယ်ပေးသင့်သည့် မြို့နယ်များကို ဆက်လက်ခွင့်ပြုသင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို။ | ၁၈-၁၀-၂၀၁၂<br>ပထမနေ့ | ၂၃-၁၀-၂၀၁၂<br>စတုတ္ထနေ့ | ရဲချုပ်ကျော်ကျော်ထွန်း<br>ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီး<br>ဌာန | မှတ်တမ်းတင်<br>(စတုတ္ထပုံမှန်<br>ကျန်အဆို) |
| ၃ | ဦးအောင်ငြိမ်း<br>မကွေးတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ်(၂)<br>ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ | ဒီမိုကရေစီနိုင်ငံ ထူထောင်ရာတွင် သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်မှုစနစ် တစ်ရပ်ဖြစ်ပေါ်ရေးအတွက် အုပ်ချုပ်ရေးအာဏာကိုင်တွယ်ကျင့်သုံးလျက်ရှိသည့် အဆင့်ဆင့်သော အုပ်ချုပ်ရေးပိုင်းတာဝန်ရှိသူများအနေဖြင့် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ တိကျစွာလိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ဥပဒေချိုးဖောက်ကာ လုပ်ကိုင်ဆောင်ရွက်နေသူများကိုလည်း ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ပါရန်ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆို။ | ၂၂-၈-၂၀၁၂<br>(စတုတ္ထပုံမှန်)<br>(၃၂)ရက်<br>မြောက်နေ့ | ၂၄-၁၀-၂၀၁၂<br>ပဉ္စမနေ့ | ဦးစိုးမောင်<br>ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီး<br>ဌာန(၂) | အတည်ပြု<br>(စတုတ္ထပုံမှန်<br>ကျန်အဆို) |

| စဉ် | တင်သွင်းသူအမည် မဲဆန္ဒနယ် | အဆိုအကြောင်းအရာ | အဆိုတင်သည့်နေ့ | ဆုံးဖြတ်သည့်နေ့ | ရှင်းလင်းဖြေကြားသည့်ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|
| ၄ | ဦးနု<br>ရန်ကုန်တိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ်(၁၀)<br>ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အခြေခံပညာအထက်တန်း(တက္ကသိုလ်ဝင်တန်း)စာမေးပွဲ အောင်မြင်မှု/ကျရှုံးမှုနှင့် စပ်လျဉ်း၍ လက်ရှိကျင့်သုံးနေသည့်စနစ်အား ပြန်လည်သုံးသပ်လျက် အရည်အချင်း ပြည့်မီသော အောင်မြင်သူများ ပိုမိုမွေးထုတ်နိုင်ရေးအတွက် အောင်မြင်မှုအခြေခံရမှတ် သတ်မှတ်ချက်မြှင့်တင်ရန်နှင့် ကျရှုံးသူများ မနစ်နာစေရန်အတွက် ကျရှုံးသည့်ဘာသာကိုသာ အချိန်တိုအတွင်း ပြန်လည် ဖြေဆိုခွင့်ရရှိရေး အခွင့်အရေးပေးသည့်စနစ် ပြုပြင်ပြောင်းလဲပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို။ | ၃၁-၇-၂၀၁၂<br>(စတုတ္ထပုံမှန်)<br>(၁၈)ရက်<br>မြောက်နေ့ | ၅-၁၁-၂၀၁၂<br>အဋ္ဌမနေ့ | ဦးဘရွှေ<br>ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | မှတ်တမ်းတင်<br>(စတုတ္ထပုံမှန်<br>ကျန်အဆို) |
| ၅ | ဦးတင်မြ<br>စစ်ကိုင်းတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ်(၇)<br>ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | မြန်မာနိုင်ငံသားဥပဒေကို အသစ်ရေးဆွဲပြဋ္ဌာန်းပြီး လက်ရှိမြန်မာနိုင်ငံသား ဥပဒေ(၁၉၈၂ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ်-၄) အား ပယ်ဖျက်သင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို။ | ၁၃-၈-၂၀၁၂<br>(စတုတ္ထပုံမှန်)<br>(၂၅)ရက်<br>မြောက်နေ့ | ၆-၁၁-၂၀၁၂<br>နဝမနေ့ | ဦးခင်ရီ<br>ပြည်ထောင်စုဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေး<br>နှင့်ပြည်သူ့အင်အား<br>ဝန်ကြီးဌာန | မှတ်တမ်းတင်<br>(စတုတ္ထပုံမှန်<br>ကျန်အဆို) |
| ၆ | ဦးသန်းဆွေ<br>တနင်္သာရီတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ်(၂)<br>ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အိန္ဒိယပြည်၊ ရတနာဂီရိရှိ နတ်ရွာစံသီပေါမင်းတရားကြီးနှင့် မိဖုရားတို့ ရုပ်အလောင်းများမှ အရိုးများကို မြန်မာပြည်သို့ ပြန်လည်သယ်ဆောင်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို။ | ၃၁-၇-၂၀၁၂<br>(စတုတ္ထပုံမှန်)<br>(၁၈)ရက်<br>မြောက်နေ့ | ၇-၁၁-၂၀၁၂<br>ဒသမနေ့ | ဦးစိုးမောင်<br>ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီး<br>ဌာန(၂) | မှတ်တမ်း<br>တင်<br>(စတုတ္ထပုံမှန်<br>ကျန်အဆို) |

| စဥ် | တင်သွင်းသူအမည် မဲဆန္ဒနယ် | အဆိုအကြောင်းအရာ | အဆိုတင် သည့်နေ့ | ဆုံးဖြတ် သည့်နေ့ | ရှင်းလင်းဖြေကြား သည့်ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|
| ၇ | ဦးခက်ထိန်နန် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများတွင် တိုင်းရင်းသား ရိုးရာစာပေနှင့် ယဥ်ကျေးမှုအဖွဲ့များအား ဖွဲ့စည်းခွင့် (လုပ်ပိုင်ခွင့်) ပြုဌာန်းသတ်မှတ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို။ | ၂၃-၁၀-၂၀၁၂ စတုတ္ထနေ့ | ၈-၁၁-၂၀၁၂ (၁၁)ရက် မြောက်နေ့ | ဗိုလ်မှူးချုပ် ကျော်ဇံမြင့် ဒုတိယဝန်ကြီး ပြည်ထဲရေးဝန်ကြီး ဌာန | အတည်ပြု (စတုတ္ထပုံမှန် ကျန်အဆို) |
| ၈ | ဦးအောင်ငြိမ်း မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတစ်ဝန်းလုံး၌ ပညာရေး ကဏ္ဍတွင် ဟန်ချက်ညီစွာ တစ်ပြေးညီ ပညာသင်ကြားလေ့လာ သင်ယူခွင့် အခွင့်အလမ်းများ ရရှိစေရေး အမျိုးသားရေးတာဝန် အဖြစ် ခံယူပြီး ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို။ | ၁၆-၈-၂၀၁၂ (စတုတ္ထပုံမှန်) (၂၈)ရက် မြောက်နေ့ | ၉-၁၁-၂၀၁၂ (၁၂)ရက် မြောက်နေ့ | ဦးအေးကြူ ဒုတိယဝန်ကြီး ပညာရေးဝန်ကြီးဌာန | မှတ်တမ်းတင် (စတုတ္ထပုံမှန် ကျန်အဆို) |
| ၉ | ဦးစောထွန်းမြအောင် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ | နိုင်ငံတော်အနေဖြင့် နိုင်ငံသားများ၏ မှတ်ပုံတင်နှင့် အိမ်ထောင်စု စာရင်းများ ပြုလုပ်ရာတွင် တိုင်းရင်းသားမျိုးနွယ်စုများ၏ လူဦးရေ စာရင်း တိကျမှန်ကန်ရေးနှင့် တိုင်းရင်းသားမျိုးနွယ်စုများ၏ အမည်နာမ ရေးသားဖြည့်စွက်ရာတွင် မှားယွင်းမှု မရှိစေရေးအတွက် ဒေသခံတိုင်းရင်းသားများ ပါဝင်သောအဖွဲ့ဖြင့် ပူးပေါင်းလျက် လိုအပ်သော ကြိုတင်ပြင်ဆင်ဖွဲ့စည်းမှုများ ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို။ | ၆-၁၁-၂၀၁၂ နဝမနေ့ | ၁၅-၁၁-၂၀၁၂ (၁၃)ရက် မြောက်နေ့ | ဦးဝင်းမြင့် ဒုတိယဝန်ကြီး လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန | အတည်ပြု (စတုတ္ထပုံမှန် ကျန်အဆို) |

| စဉ် | တင်သွင်းသူအမည် မဲဆန္ဒနယ် | အဆိုအကြောင်းအရာ | အဆိုတင် သည့်နေ့ | ဆုံးဖြတ် သည့်နေ့ | ရှင်းလင်းဖြေကြား သည့်ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁၀ | ဦးနိန်းခင်းပေါင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ | အခြေခံပညာ ဆရာ/ဆရာမများ၏ စွမ်းဆောင်ရည်မြှင့်တင်မှုလုပ်ငန်း ဆွေးနွေးပွဲများ ဖြည့်ဆည်းကူညီ ပံ့ပိုးပေးနိုင်ရေး ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆို။ | ၆-၁၁-၂၀၁၂ နဝမနေ့ | | | ဆွေးနွေးရန် ကျန်အဆို |
| ၁၁ | ဦးမျိုးမြင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ | နိုင်ငံတော်၏ ပြည်တွင်းပြည်ပတိုင်းရင်းသားကုမ္ပဏီများ၏ ရင်းနှီး မြှုပ်နှံမှု (BOT) နှင့် နိုင်ငံခြားကုမ္ပဏီများ၏ အကျိုးတူပူးပေါင်း ရင်းနှီးမြှုပ်နှံမှု (JV/BOT) အစီအစဉ်(၃)ရပ်ဖြင့် လျှပ်စစ်စီမံကိန်း များကို အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်အတွက် ထိရောက် အကျိုးရှိစေရန် ဟန်ချက်ညီညီ ဆောင်ရွက်လုပ်ကိုင်နိုင်ရေး၊ ပြန်လည် သုံးသပ်သင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို။ | ၂၅-၁၀-၂၀၁၂ ဆဌမနေ့ | ၂၁-၁၁-၂၀၁၂ (၁၄)ရက် မြောက်နေ့ | ဦးခင်မောင်စိုး ပြည်ထောင်စုဝန်ကြီး လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန | အတည်ပြု |
| ၁၂ | ဦးမျိုးမြင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ | မြန်မာနိုင်ငံ၏ လျှပ်စစ်ဖွံ့ဖြိုးမှု မြန်ဆန်စွာ အထောက်အကူပြုနိုင် မည့် အသေးစားရေအားလျှပ်စစ်ကဏ္ဍ ပုံဖော်မှုအစီအစဉ် (Small-scale Hydropower Development Scenario) ကို လက်တွေ့ ကျကျ အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆို။ | ၂၆-၁၀-၂၀၁၂ သတ္တမနေ့ | ၂၁-၁၁-၂၀၁၂ (၁၄)ရက် မြောက်နေ့ | ဦးခင်မောင်စိုး ပြည်ထောင်စုဝန်ကြီး လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန | အတည်ပြု |

| စဉ် | တင်သွင်းသူအမည် မဲဆန္ဒနယ် | အဆိုအကြောင်းအရာ | အဆိုတင် သည့်နေ့ | ဆုံးဖြတ် သည့်နေ့ | ရှင်းလင်းဖြေကြား သည့်ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁၃ | ဦးအုန်းတင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ | အခြေခံပညာအထက်တန်းကျောင်းများတွင် ကျောင်းသားများအား ဝိဇ္ဇာဘာသာတွဲ၊ သိပ္ပံဘာသာတွဲဟူ၍ ဘာသာခွဲခြားခြင်း မပြုဘဲ အားလုံးကို တပြေးညီသင်ကြားပို့ချပေးရန်နှင့် တက္ကသိုလ်ဝင်တန်း (ဒသမတန်း)အတွက် စာမေးပွဲမေးခွန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်ခွဲခြား၍ စစ်ဆေးမေးမြန်းခြင်း မပြုဘဲ တစ်နိုင်ငံလုံး၌ မေးခွန်းတစ်မျိုးတည်းဖြင့် စစ်ဆေးမေးမြန်းခြင်းပြုပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆို။ | ၂၄-၁၀-၂၀၁၂ ပဉ္စမနေ့ | ၂၃-၁၁-၂၀၁၂ (၁၅)ရက် မြောက်နေ့ | ဦးအေးကြူ ဒုတိယဝန်ကြီး ပညာရေးဝန်ကြီးဌာန | အတည်မပြု (စတုတ္ထပုံမှန် ကျန်အဆို) |
| ၁၄ | ဦးစိုင်းကျော်ဇောသန်း ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွင်းရှိ မြို့နယ်များ၏ ကျေးရွာများတွင် ဖွင့်လှစ်သင်ကြားလျက်ရှိသော အခြေခံပညာ ကျောင်းများအား အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့် ရရှိရေး အဆိုပြု တင်ပြချက်များနှင့်ပတ်သက်၍ ပညာရေးဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများအား လျှော့ပေါ့ပြင်ဆင်ပေးရေး အဆို။ | ၂၅-၁၀-၂၀၁၂ ဆဋ္ဌမနေ့ | ၂၃-၁၁-၂၀၁၂ (၁၅)ရက် မြောက်နေ့ | ဦးအေးကြူ ဒုတိယဝန်ကြီး ပညာရေးဝန်ကြီးဌာန | အတည်ပြု |
| ၁၅ | ဦးအောင်ငြိမ်း မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ | နိုင်ငံ့ဝန်ထမ်းများအား အရေးယူအပြစ်ပေးရာတွင် ဥပဒေ လုပ်ထုံး လုပ်နည်း၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ စစ်ဆေးခြင်း မပြုဘဲ တိုက်ရိုက်ထုတ်ပယ်မှုကြောင့် ဝန်ထမ်းများမှာ ထုချေဖြေရှင်းခွင့် မရသဖြင့်နစ်နာမှုများရှိနေပါ၍ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်းအဆို။ | ၁၈-၁၀-၂၀၁၂ ပထမနေ့ | ၂၃-၁၁-၂၀၁၂ (၁၅)ရက် မြောက်နေ့ | ဦးစိုးမောင် ပြည်ထောင်စုဝန်ကြီး သမ္မတရုံးဝန်ကြီး ဌာန(၂) | အတည်ပြု (စတုတ္ထပုံမှန် ကျန်အဆို) |

| စဥ် | တင်သွင်းသူအမည် မဲဆန္ဒနယ် | အဆိုအကြောင်းအရာ | အဆိုတင်သည့်နေ့ | ဆုံးဖြတ်သည့်နေ့ | ရှင်းလင်းဖြေကြားသည့်ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁၆ | ဦးမောင်စောဖြူ<br>ရခိုင်ပြည်နယ်<br>မဲဆန္ဒနယ်အမှတ်(၄)<br>ရခိုင်တိုင်းရင်းသားများ<br>တိုးတက်ရေးပါတီ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိတိုင်းရင်းသား ပြည်နယ်တို့တွင် Arts and Culture College ယဉ်ကျေးမှုနှင့် အနုပညာ ကောလိပ်ကျောင်းတစ်ကျောင်းစီ ဖွင့်လှစ်ပေးရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆို။ | ၇-၁၀-၂၀၁၂<br>ဒသမနေ့ | ၂၃-၁၁-၂၀၁၂<br>(၁၅)ရက်<br>မြောက်နေ့ | ဦးသန်းဆွေ<br>ဒုတိယဝန်ကြီး<br>ယဥ်ကျေးမှုဝန်ကြီး<br>ဌာန | အတည်မပြု |
| ၁၇ | ဦးဉာဏ်လင်း<br>ရှမ်းပြည်နယ်<br>မဲဆန္ဒနယ်အမှတ်(၁)<br>ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ | ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဖြေရှင်း ဆောင်ရွက် ပေးနိုင်ရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ထံမှတစ်ဆင့် ပေးပို့သည့် အမှုတွဲများကို အချိန်နှင့် တပြေးညီ စိစစ်ပြန်ကြားပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို။ | ၂၃-၁၁-၂၀၁၂<br>(၁၅)ရက်<br>မြောက်နေ့ | ၂၃-၁၁-၂၀၁၂<br>(၁၅)ရက်<br>မြောက်နေ့ | ဦးစိုးမောင်<br>ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီး<br>ဌာန(၂) | မှတ်တမ်းတင် |